AMNESTY INTERNATIONAL ထုတ်ပြန်ကြေညာချက်

၁၅ အောက်တိုဘာ ၂၀၁၈ ASA ၁၆/၉၂၄၄/၂၀၁၈

# မြန်မာ - ကချင်တက်ကြွလှုပ်ရှားသူ သုံးဦးအပေါ် စွဲဆိုထားသော အမှုများအား ပယ်ဖျက်ပေးရန်

မြန်မာနိုင်ငံမြောက်ပိုင်းတွင် လက်နက်ကိုင် ပဋိပက္ခများအဆုံးသတ်ရေးနှင့် ရပ်ရွာအိုးအိမ်စွန့်ခွာထွက်ပြေးသွားကြရသော ထောင်ပေါင်းများစွာသောအရပ်သားများအား လူသားချင်းစာနာသောအကူအညီများ ရရှိစေရေးအတွက် တောင်းဆိုခဲ့ကြသော ကချင်တက်ကြွလှုပ်ရှားသူ သုံးဦးအပေါ် စွဲဆိုထားသော အသရေဖျက်မှု ပုဒ်မများကို မြန်မာအာဏာပိုင်များ အနေဖြင့် ချက်ချင်းပယ်ဖျက်ပေးရန် တောင်းဆိုပါသည်။ ယင်းတက်ကြွလှုပ်ရှားသူများအား တရားစွဲဆိုအရေးယူခြင်းနှင့် အခြားသော နိုင်ငံရေးအရ ဖမ်းဆီးထောင်ချမှုများသည် မြန်မာနိုင်ငံ၏ ဆယ်စုနှစ်ပေါင်းများစွာ စစ်တပ်မှတိုက်ရိုက်အုပ်စိုးခဲ့မှုများကာလကရှိခဲ့သော အခြေအနေများသို့၊ ကျင့်သုံးခဲ့သောအပြုအမူများသို့ ပြန်သွားနေခြင်းအဖြစ် ထိတ်လန့်စရာ တွေ့ရှိရသည်။

၂၀၁၈ခုနှစ် စက်တင်ဘာလ ၃ရက်နေ့တွင် ဦးလွမ်းဇော်း၊ ဒေါ်နန်ပူ၊ ဦးဇော်ဂျတ်တို့ကို ရာဇသတ်ကြီးပုဒ်မ ၅၀၀အရ မြန်မာ့တပ်မတော်အား အသရေဖျက်မှုဖြင့် တရားစွဲဆိုခဲ့သည်။ ယင်းစွဲဆိုချက်များမှာ ၂၀၁၈ခုနှစ် ဧပြီလအစောပိုင်းတွင်ဖြစ်ပွားခဲ့သော မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအိုင်အေ)တို့ကြားဖြစ်ပွားခဲ့သည့် စစ်ပွဲများ ဖြစ်ခဲ့ပြီးသည့်နောက် ၂၀၁၈ခုနှစ် ဧပြီလ၃၀ရက်နေ့တွင်ပြုလုပ်ခဲ့သော ငြိမ်းချမ်းစွာ လူထုစုဝေးပွဲ တစ်ခုနှင့် နောက်တနေ့တွင် ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ၎င်းတို့၏ပြောကြားချက်များနှင့် ဆက်စပ်၍ စွဲဆိုအရေးယူခံရခြင်းဖြစ်သည်။ ထိုတိုက်ပွဲများကြောင့် အရပ်သားပေါင်း ၅၀၀၀ကျော် နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရပြီး ၎င်းတို့ထဲမှ ၂၀၀၀ခန့်မှာ အောင်လော့ရွာအနီးရှိ တောအုပ်တစ်ခုထဲတွင် ရက်သတ္တပတ်ပေါင်းများစွာ ပိတ်မိနေခဲ့ကြသည်။ ပိတ်မိနေသူများမှာ လူသားချင်းစာနာသည့် အထောက်အကူများလည်း မရရှိပဲ တိုက်ပွဲများဖြစ်ပွားသောနေရာမှ အန္တရာယ်ကင်းစွာ ထွက်ခွာနိုင်ခြင်းလည်းမရှိပဲ ပိတ်မိနေကြခြင်းဖြစ်သည်။

ဤဖြစ်ရပ်ဖြစ်ပွားခဲ့ပြီးသည့်နောက် ဧပြီလ ၃၀ရက်နေ့တွင် လူထောင်ပေါင်းများစွာတို့သည် မြစ်ကြီးနားမြို့တွင် ငြိမ်းချမ်းစွာစုဝေး၍ ပိတ်မိနေကြသောအရပ်သားများအား ကယ်တင်ပေးရန်၊ လူသားချင်းစာနာသည့် အထောက်အကူများ ပြန်လည်ပေးအပ်နိုင်ရန်နှင့် ပဋိပက္ခများအဆုံးသတ်နိုင်ရန် တောင်းဆိုခဲ့ကြသည်။ ရှေ့နေတစ်ဦးဖြစ်သူ ဦးလွမ်းဇော်းသည် လူထုစုဝေးပွဲကို ဦးဆောင်စီစဉ်သူတစ်ဦးဖြစ်ပြီး ထိုလူထုစုဝေးပွဲတွင် ပါဝင်ဟောပြောသူများက စစ်တပ်အား လေကြောင်းမှနေ၍ အရပ်သားများအပေါ်တိုက်ခိုက်ခြင်းအား ရပ်တံ့ရန် တောင်းဆိုခဲ့သည်။ အာဏာပိုင်များက ၎င်းအား အသရေဖျက်မှု၊ တပ်မတော်၏ ဂုဏ်သိက္ခာကိုညှိုးနွမ်းစေမှုဖြင့် စွဲဆိုခဲ့သည်။ အခြားတက်ကြွလှုပ်ရှားသူ နှစ်ဦးဖြစ်သည့် ထွယ် အမျိုးသမီးများနှင့် ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း (Htoi Gender and Development Foundation) မှ ညွှန်ကြားရေးမှူး ဒေါ်နန်ပူနှင့် ကချင်အမျိုးသားများ လူမှုတိုးတက်ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း (Kachin National Social Development Foundation) မှ ဥက္ကဋ္ဌ ဦးဇော်ဂျတ်တို့နှစ်ဦးမှာ လူထုစုဝေးပွဲအပြီး နောက်တစ်နေ့တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သော မှတ်ချက်များပေါ်မူတည်ပြီး ၎င်းတို့နှစ်ဦးကို အသရေဖျက်မှု ပုဒ်မဖြင့် စွဲဆိုခဲ့ခြင်းဖြစ်သည်။ ယင်းသတင်းစာရှင်းလင်းပွဲတွင် ၎င်းတို့က ဖားကန့်ဒေသတွင် အရပ်သားများ နေရပ်စွန့်ခွာ ထွက်ပြေးနေရမှု အခြေအနေများနှင့် မြန်မာစစ်တပ်မှ တပ်သားများက အရပ်သားများအပေါ် ခြိမ်းခြောက်မှုများ၊ အနိုင်အထက်ပြုမူဆက်ဆံမှုများ နှင့်ပတ်သက်၍ ရရှိသော သတင်းများအကြောင်းကို ထုတ်ဖေါ်ပြောကြားခဲ့ကြသည်။

ဤစွဲဆိုချက်များကို ပြစ်မှုမြောက်ကြောင်း ဆုံးဖြတ်ခဲ့လျှင် ၎င်းတို့ တစ်ဦးချင်းစီသည် နှစ်နှစ်အထိ ထောင်ဒဏ်ကျခံရဖွယ် ရှိနေပါသည်။ နောက်ထပ် ၎င်းတို့၏ ရုံးချိန်းမှာ ၂၀၁၈ခုနှစ် အောက်တိုဘာလ ၁၅ရက်နေ့တွင်ဖြစ်သည်။

ဦးလွမ်းဇော်း၊ ဒေါ်နန်ပူ၊ ဦးဇော်ဂျတ်တို့ကို တရားစွဲဆို အရေးယူခြင်းသည် လူထုအပေါ်အကျိုးသက်ရောက်မှုများအကြောင်းကို ထုတ်ဖေါ်ပြောဆိုသော လူ့အခွင့်အရေး ကာကွယ်သူများနှင့် လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များကို မြန်မာအာဏာပိုင်များက ခြိမ်းခြောက် နှောင့်ယှက် နှုတ်ဆိတ်သွားစေရန် ထင်ရှားသော ကြိုးပမ်းချက် တစ်ခုဖြစ်သည်။ Amnesty International နှင့် CIVICUS တို့က မြန်မာအာဏာပိုင်များကို ထိုတက်ကြွလှုပ်ရှားသူ သုံးဦးအပေါ် စွဲဆိုထားသော စွဲဆိုချက်များကို ချက်ချင်းပယ်ဖျက်ပေးရန် တောင်းဆိုပါသည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်တို့သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း အပိုဒ် ၁၉ နှင့် ၂၀ တို့တွင် အတိအကျ ပြဋ္ဌာန်းပါရှိသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် စံချိန်စံညွှန်းများအရ

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်အချို့ကို ကန့်သတ်ပိုင်ခွင့်ရှိသည်။ သို့ရာတွင် ဤကဲ့သို့လုပ်ဆောင်မှုများကို ရှင်းလင်းပြတ်သားစွာ သတ်မှတ်ပေးထားသော အခြေအနေများတွင်သာ ကျင့်သုံးခွင့်ရှိသည်။ ဤကဲ့သို့ ကန့်သတ်မှုများကို ဥပဒေအရ ပြဌာန်းရမည်။ နိုင်ငံတော်လုံခြုံရေးကို ထိပါးမှု၊ ရပ်ရွာ အေးချမ်းသာယာရေးကို ထိပါးမှုနှင့် အခြားသူများ၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးကိုလေးစားမှုတို့ကို ထိပါးစေမှုတို့ကို ကာကွယ်ရန်အလို့ငှာ အတိအကျ ပြဌာန်းထားသော အခြေအနေများတွင်သာ ကျင့်သုံးရမည်။ ဤကဲ့သို့လုပ်နိုင်ရန်ခွင့်ပြုထားသော ရည်မှန်းချက်များ ပြည့်မီနိုင်လောက်အောင် လိုအပ်သော အတိုင်းအတာအထိသာ အသုံးပြုရမည်။ Amnesty International နှင့် CIVICUS တို့က  ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၀၀ အပါအဝင် မြန်မာနိုင်ငံတွင် ကျင့်သုံးနေသော ဥပဒေအတော်များများနှင့် ပတ်သက်၍ စိုးရိမ်မှုရှိပါသည်။ ယင်းဥပဒေများကို အသုံးပြု၍ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် အခြားသော ငြိမ်းချမ်းစွာ တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ တရားစွဲဆို အရေးယူခြင်းများကို ပြုလုပ်နေသည့်အတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်တို့နှင့် ဆီလျော်မှုမရှိ ဖြစ်နေပါသည်။ Amnesty International နှင့် CIVICUS တို့က မြန်မာအာဏာပိုင်များ၊ အထူးသဖြင့် လွှတ်တော်ကို ဤသို့ မဆီမလျော်ဖြစ်နေသည့် ဥပဒေများ အားလုံးကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် စံချိန်စံညွှန်းများနှင့် အညီဖြစ်စေရန်အတွက် ပယ်ဖျက်ခြင်း ပြင်ဆင်ခြင်းများကို ဆောလျင်စွာ ဆောင်ရွက်ပါရန် တိုက်တွန်းအပ်ပါသည်။

ပဋိပက္ခဖြစ်ရာ ဒေသများတွင် စစ်တပ်က အရပ်သားများအပေါ် ကျူးလွန်သော ပြစ်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို အကျိုးဆက်ကို ကြောက်ရွံ့စိုးရိမ်ရမှုမရှိပဲ  လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုနိုင်ခွင့်ရှိရေးအတွက်နှင့် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မြှင့်တင်ရေးအတွက် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ ကဏ္ဍသည် အထူးအရေးပါပါသည်။ လူ့အခွင့်အရေးကာကွယ်သူများဆိုင်ရာ ကုလသမဂ္ဂ၏ ကြေငြာစာတမ်း အပိုဒ်၂ တွင် နိုင်ငံတိုင်းသည် ၎င်းတို့၏ဥပဒေ ပြဌာန်းချက်များနှင့် လူ့အခွင့်အရေးကို ကာကွယ်ပေးနိုင်သော အခြေနေများဖန်တီးပေးရန် တာဝန်ရှိသည်ဟု ဖော်ပြထားသည်။ Amnesty International နှင့် CIVICUS တို့က လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရာတွင် ကြောက်ရွံ့စိုးရိမ်ရမှု၊ လက်တုန့်ပြန်ခံစားရမှု၊ ခြိမ်းခြောက်မှုများမရှိပဲ ပြုလုပ်နိုင်ရန်အတွက် အခြေနေများဖန်တီးပေးရန် မြန်မာအစိုးရအား တိုက်တွန်းအပ်ပါသည်။

## နောက်ခံအကြောင်း

မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ) တို့ကြားတွင် ၁၇နှစ်ကြာ ရှိခဲ့ပြီးသည့် အပစ်အခတ်ရပ်စဲရေး ပျက်သွားပြီးသည့်နောက် လက်နက်ကိုင် တိုက်ပွဲများ ၂၀၁၁ခုနှစ် ဇွန်လ ၁၁ရက်နေ့ ကတည်းက စတင်ဖြစ်ပွားနေခဲ့ခြင်းဖြစ်သည်။ ဤကဲ့သို့ ပဋိပက္ခများ တိုက်ပွဲများ ပြန်လည်စတင် ဖြစ်ပွားလာသည့်အချိန်မှစ၍ တိုက်ပွဲများသည် မြန်မာနိုင်ငံမြောက်ပိုင်း အခြားဒေသများသို့လည်း ပြန့်နှံ့သွားခဲ့ပြီး အခြားလက်နက်ကိုင် အုပ်စုမျိုးစုံလည်း ပါဝင်ပတ်သက်လာခဲ့သည်။

မြန်မာ့တပ်မတော်သည် အထူးသဖြင့် လူနည်းစုတိုင်းရင်းသားဒေသမှ အရပ်သားများအပေါ် စစ်ရာဇဝတ်မှုများနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ ၂၀၁၇ ဇွန်လ အစီရင်ခံစာတွင် အသေးစိတ်မှတ်တမ်းတင်ထားပြီး ၂၀၁၈ စက်တင်ဘာလက လူ့အခွင့်အရေးကောင်စီသို့ ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးအဖွဲ့မှ တင်သွင်းသည့် အစီရင်ခံစာတွင်လည်း ပါရှိပါသည်။ ယင်းရာဇဝတ်မှုများနှင့် ကျူးလွန်မှုများတွင် ဥပဒေမဲ့သတ်ဖြတ်မှုများ၊ အတင်းအဓမ္မခေါ်ဆောင် အစဖျောက်မှုများ၊ ညှင်းပန်းမှုများ၊ စိတ်ထင်သလို ဖမ်းဆီးအရေးယူမှုများ၊ အရပ်သားဒေသများသို့ မခွဲခြားပဲ ပုံးကြဲတိုက်ခိုက်မှုများ ပါဝင်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း အရပ်သားများအပေါ်တွင် ရက်စက်မှုများကို ကျူးလွန်ခဲ့သည်များ ရှိပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ သတ်မှတ်သော ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းများမှာ အထူးရှားပါးပြီး ကျူးလွန်သည်ဆိုသူများလည်းပဲ တာဝန်ခံရမှု တာဝန်ယူမှုများ မရှိသလောက် ဖြစ်ခဲ့သည်။ ထို့ကြောင့် နိုင်ငံအတွင်းတွင် ပြစ်မှုကျူးလွန်သူများသည် အရေးယူ ပြစ်ဒဏ်ခံရမှုမရှိပဲ လွတ်မြောက်နေသော အခြေအနေများ ဖြစ်ပေါ်နေခဲ့သည်။

၂၀၁၁ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံမြောက်ပိုင်း ပဋိပက္ခဖြစ်ရာ ဒေသများတွင် လူပေါင်း တစ်သိန်းကျော် နေရပ်ရင်းစွန့်ခွာထွက်ပြေးခဲ့ရသည်။ အများစုမှာ အကြိမ်များစွာ ထွက်ပြေးခဲ့ကြရသည်။ ပြည်တွင်းတွင် နေ  နေရပ်ရင်းစွန့်ခွာထွက်ပြေးနေရသော သူတို့၏ လူသားချင်းဆိုင်ရာ အနေအထားမှာ စားနပ်ရိက္ခာ၊ နေစရာ၊ သန့်ရှင်းသောရေ နှင့် ကျန်းမာရေးဆိုင်ရာများ ရရှိနိုင်ရေးအပါအဝင် ဒုက္ခသည်စခန်းများ၏ စိုးရိမ်စရာဖြစ်နေဆဲ အခြေအနေများနှင့်အတူ ဆိုးရွားနေဆဲဖြစ်ပါသည်။ ထို့အပြင် အရပ်ဖက် စစ်ဖက် အာဏာပိုင်များက လူသားချင်းစာနာသော အထောက်အကူများပေးမည့် လုပ်ငန်းများအပေါ်တွင် ပြင်းပြင်းထန်ထန်ကန့်သတ်မှုများ ပြုလုပ်ခဲ့သဖြင့် နေရပ်စွန့်ခွာထွက်ပြေးရသူများ၏ လိုအပ်ချက်များအား ပိုမိုဆိုးရွားလာစေခဲ့ပါသည်။